**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

**Website:** chinland.org **Email:** cnf.headquarters@gmail.com

# ချင်းအမျိုးသားတပ်ဦး၏
# နှစ် (၃၀)ပြည့် ချင်းတော်လှန်ရေးနေ့ ထုတ်ပြန်ကြေငြာချက်

ယနေ့ ၂၀၁၈ခုနှစ်၊ မတ်လ (၂၀)ရက်နေ့သည် ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရရှိရေး၊ အမျိုးသားတန်းတူရေးနှင့် ဒီမိုကရေစီ ထွန်းကားရေးအတွက် ချင်းအမျိုးသားတပ်ဦးသည် လက်နက်ကိုင်လမ်းစဉ်ကို ကျောရိုးမဏ္ဍိုင်ပြု၍ စတင်တိုက်ပွဲဝင်လာခဲ့သည့် နှစ်(၃၀)ပြည့် ချင်းတော်လှန်ရေးနေ့ပင် ဖြစ်ပေသည်။ ဤနေ့ထူးနေ့မြတ် အချိန်အခါသမယ၌ အမျိုးသားရေးအတွက် အသက်၊ သွေး ၊ ချွေးစတေး၍ ပေးလှူကြသော အာဇာနည် ရဲဘော်ရဲမေများ၊ ချင်းမျိုးချစ်ပုဂ္ဂိုလ်များနှင့် ချင်းပြည်သူအပေါင်းတို့အား ဦးညွတ်ဂါရဝပြုပါသည်။

ချင်းအမျိုးသားတပ်ဦးသည် ပင်လုံစာချုပ်ကို အခြေခံပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအလို့ငှာ ချင်းအမျိုးသား ပြည်သူလူထု တစ်ရပ်လုံးအပါအဝင် ဘဝတူညီနောင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအသင်းအဖွဲ့များနှင့်အတူ နိုင်ငံရေးနှင့်စစ်ရေးပြဿနာကို တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် အဖြေရှာဖြေရှင်းနိုင်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်သည်။

တိုင်းရင်းသားဒေသများအချို့၌ စစ်မက်ဖြစ်ပွားခြင်း၊ ပြည်သူလူထုများ နေရပ်စွန့်ခွာတိမ်းရှောင်နေရခြင်းနှင့် ဒေသတွင်းမတည်မငြိမ်မှုများ ပေါ်ပေါက်ခြင်းများသည် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အဟန့်အတား ဖြစ်စေသဖြင့် စစ်ရေးအရထိုးစစ်ဆင်မှုများအား ရပ်ဆိုင်းပြီး နိုင်ငံရေးပြဿနာအား တွေ့ဆုံဆွေးနွေးခြင်းဖြင့် အမြန်ဆုံးဖြေရှင်းရန် တိုက်တွန်းသည်။

ချင်းအမျိုးသားတပ်ဦးအနေဖြင့် ပြည်ထောင်စုအစိုးရနှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ နှစ်ဖက်သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း (၆)နှစ်တာကာလ ကျော်လွန်ခဲ့ပြီဖြစ်သည့် အလားတူ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း (၂)နှစ်တာ ကာလ ကျော်လွန်ပြီဖြစ်သော်လည်း နိုင်ငံရေးဆွေးနွေးမှုတွင် မိမိတို့တိုင်းရင်းသားများ လိုလားသော ရလဒ်ကောင်းများအား ဖော်ဆောင်နိုင်ရန် လိုအပ်သေးကြောင်း သုံးသပ်သည်။

ချင်းအမျိုးသားတပ်ဦးသည် ချင်းအမျိုးသားများ၏ ဘဝရှင်သန်ရပ်တည်နိုင်ရေး၊ ကိုယ်ပိုင် ပြဌာန်းခွင့် အပြည့်အဝရရှိရေး၊ အမျိုးသားတန်းတူရေး၊ ငြိမ်းချမ်းသာယာဝပြောသော ချင်းလူ့ဘောင် သစ်ဖော်ဆောင်နိုင်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အသက်၊ သွေး၊ ချွေး ပေါင်းများစွာစတေးကာ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်လာခဲ့ပြီး ဖြစ်သည်နှင့်အညီ ထိုအမျိုးသားရေးတာဝန် ပြီးမြောက်အောင်မြင်စွာ ဆက်လက်ဖော်ဆောင်နိုင်သည်အထိ ချင်းအမျိုးသားပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တိုက်ပွဲဝင်သွားမည်ဖြစ်သည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
၂၀၁၈ ခုနှစ်၊ မတ်လ (၂၀) ရက်